မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 6 , 2023 Volume 67, Number 4

၆.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၂၈ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၄.၉ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၅.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်



https://www.commerce.gov.mm

မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးညှိနှိုင်း အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ-၂ ၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ နေ့လည်ပိုင်းတွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ ကော်ဖီပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေး ဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသော နိုင်ငံတကာအဆင့်မီ ကော်ဖီများကို အလားအလာရှိသည့် နိုင်ငံတကာ ဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် လိုအပ်ချက်များကို အစိုးရ ဌာနများ၊ အသင်းအဖွဲ့နှင့် စိုက်ပျိုးထုတ်လုပ်သူများအကြား ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးနှင့် ဈေးကွက်ဝင်နိုင်ငံ၏ စံချိန် စံညွှန်းဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တင်ပို့နိုင်ရေး ကိုလည်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာ့ကော်ဖီကို အမေရိက၊ ဥရောပနှင့် အာရှဒေသတို့မှ နိုင်ငံပေါင်း (၁၄) နိုင်ငံသို့

တင်ပို့လျက်ရှိပါကြောင်းနှင့် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများသို့ ဆက်လက်တိုးမြှင့်တင်ပို့နိုင်ရေး စိုက်ပျိုးထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများနှင့် ကော်ဖီအသင်းမှ တာဝန်ရှိသူများက မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကော်ဖီပို့ကုန်မြှင့်တင်ရေးနှင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့်ဒေသများမှ စိုက်ပျိုး ထုတ်လုပ်သူအစုအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC

## ရှမ်းတောင်ဒေသမှ ခရမ်းချဉ်သီးများ အဝင်များပြီး ဈေးကောင်းမရ




မိုးတွင်းကာလ ရှမ်းပြည်တောင်ပိုင်းမှ ခရမ်းချဉ်သီးများ အဝင်များပြီး ဈေးကောင်းမရကြောင်း တောင်ကြီးမြို့နှင့် အောင်ပန်းမြို့ အခြေစိုက် သီးနှံကုန်စည်ဒိုင်များမှသိရသည်။ "မနှစ်ကနဲ့ယှဉ်ရင် ဒီနှစ်က ဈေးကျတယ်။ နည်းနည်းမဟုတ်ဘူး၊ တော်တော်ကျတယ်။ မနှစ်က ဒီအချိန်ဆိုရင် တစ်ပိဿာ ၁၃၀၀ နှုန်းလောက်ရှိတယ်"ဟု AMKK တောင်ကြီးမြို့ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံမှ နန်းအေးမြကိုကိုက ပြောသည်။

ပြီးခဲ့သည့် နှစ်က ရှမ်းပြည်ဒေသထွက် ခရမ်းချဉ်သီးပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၃၀၀ ကျပ်ကနေ ၁၅၀၀ ကြား ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိအချိန်တွင် တစ်ပိဿာ ၈၀၀ ကျပ်မှ ၉၀၀ ကျပ်သာ ဈေးရရှိကြောင်း ဈေးကွက်အတွင်း စုံစမ်းသိရှိရသည်။ "အရောင်းအဝယ် အခြေအနေကတော့ မငြိမ်ပါဘူး။ အောင်ပန်းဈေးကွက်မှာလည်း ၈၀၀၊ ၉၀၀ပေါက်တယ်။ တစ်နှစ်နဲ့တစ်နှစ်တော့ ဈေးက မတူဘူးပေါ့။ အရောင်းအဝယ် အခြေအနေကတော့ မဆိုးပါဘူး။ သူ့ဟာနဲ့သူရောင်းရတယ်။ အောင်ပန်းမှာတော့ အင်းသီးတို့ အဝိုင်းသီးတို့ အကုန်တင်ရတယ်။ အောက်ပြည်ကတော့ ဗမာသီးကြိုက်တာပေါ့ မတူဘူး။ ရန်ကုန်၊ မိတ္ထီလာဖက် ကိုလည်း တင်တယ် ။ လောလောဆယ်တော့ အဝိုင်းသီး အစိမ်းကိုလူကြိုက်များတယ်။ သူက အထားလည်းခံတယ်။ ရန်ကုန်၊ လားရှိုး၊ မူဆယ် အကုန်ပို့တယ်။ အရောင်းအဝယ် အခြေအနေကပုံမှန်ပဲ။ ဈေးကတော့ ဒီနှစ်ကျတယ်"ဟု အမေ့သား ရှမ်းကုန်စိမ်းနှင့် သီးနှံမျိုးစုံရောင်းဝယ်ရေး အောင်ပန်းမြို့မှ ကိုထွန်းအောင်ကိုက ပြောသည်။

ရန်ကုန်သီရိမင်္ဂလာဈေးကွက်သို့ ရှမ်းတောင်အပြင် နယ်စုံမှ ခရမ်းချဉ်သီး ပိဿာချိန် ၇၅၀၀၀ ကျော် နေ့စဉ်အဝင်ရှိကြောင်း သိရသည်။ နေ့စဉ်ဈေးကွက်ထဲ အဝင်ပေါ်မူတည်ကာ ဈေးကပြောင်းလဲနေခြင်းဖြစ်ပြီး မကြာခင် မိုးတွင်းကာလရောက်တော့မည်ဖြစ်သည့်အတွက် ပုံမှန်ထက်ဈေးကွက်ထဲ အဝင်ရှိကာ ဈေးပိုကျဆင်းနေခြင်းဖြစ်ကြောင်း သိရှိရသည်။

မန္တလေးကုန်စည်ဒိုင်များသို့ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ ရှမ်းပြည်နယ်တို့မှ ရာသီအလိုက် ဝင်ရောက်လျက်ရှိပြီး ယခုကာလတွင် ရှမ်းပြည်တောင်ပိုင်း ဒေသများမှ အများဆုံး ဝင်ရောက်လျက်ရှိ ကြောင်းသိရသည်။ ရှမ်းပြည်ဒေသထွက် ခရမ်းချဉ်သီးများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများသို တင်ပို့လျှက်ရှိပြီး ပိဿာချိန်နှင့် ရောင်းချခြင်းများရှိသလို ခြင်းပြတ်ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။ လက်ရှိ ကာလပေါက်ဈေးအရ ရှမ်းပြည်ဒေသထွက် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ၈၀၀ ကျပ်၊ ၉၀၀ ကျပ်သာ ပေါက်ဈေးရှိပြီး ၁၃ ပိဿာ၊ ၁၄ ပိဿာအပါ ခြင်းပြတ်ဈေးနှုန်းမှာ ငွေကျပ် ၁၁၅၀၀ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။ "ဈေးကောင်းမရတဲ့ အကြောင်းကတော့ သိပ်ပြီးတော့ အထွေအထူးတော့ မဟုတ်ပါဘူး။ ခရမ်းချဉ်သီးက ဒီနှစ်ဈေးကောင်းမရတာက ရာသီစောတာရယ်၊ အသီးလှိုင်တာရယ်ကြောင့်ပါ။ ခရမ်းချဉ်သီးက

ဒေသမျိုးစုံက ထွက်နေတာဆိုတော့ တစ်ချို့ဒေသတွေကစောထွက်တယ်။ အခုက အသီးကလှိုင်နေတဲ့သဘောပေါ့။ အသီးရှားရင်တော့ ဈေးကောင်းမှာပါ။ အခုက အသီးကလှိုင်နေတော့ ဈေးမကောင်းဘူးပေါ့” သီးနှံမျိုးစုံဝယ် ရောင်းလုပ်ကိုင်သူ ဦးမျိုးလှိုင်ဝင်းက သုံးသပ်ပြောဆိုသည်။

ခရမ်းချဉ်သီးထွက်ရှိသည့် ရာသီကာလမှာ နေရာဒေသတစ်ခုနှင့်တစ်ခု တူညီခြင်းမရှိသော်လည်း အထွက်နှုန်းကောင်း၍ ဈေးကောင်းရနိုင်သည့် ကာလများမှာ နွေရာသီလလယ်မှ ဆောင်းရာသီအကုန်အထိဖြစ်ကြောင်း ခရမ်းချဉ်သီးစိုက်တောင်သူများထံမှသိရသည်။

ခရမ်းချဉ်သီးကို ရှမ်းပြည်တောင်ပိုင်းရှိ အင်းလေး၊ တောင်ကြီး၊ မန္တလေးတိုင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထွက်ရှိပြီး နေ့စဉ်ကုန်စိမ်းဈေးကွက်သို့ ဖြန့်ဖြူးပေးနေကြောင်း သိရသည်။ လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်တွင် ခရမ်းချဉ်သီးများ လျော့ကျစိုက်ပျိုးခဲ့ခြင်းကြောင့် တစ်ပိဿာကို ၂၅၀၀ ထိဈေးရရှိခဲ့ကာ စံချိန်တင်ဈေးမြင့်တက်ခဲ့သည်။

**(AMIA)**

**Source: Myanma Awba**

## တောက်လျှောက်ကျဆင်းသွားသည့် ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှု ပြန်မြင့်တက်လာ




ယခု ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီကစလို့ တောက်လျှောက်ကျဆင်းသွားတဲ့ ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ပြီးခဲ့တဲ့ မေလအတွင်းမှာတော့ ပြန်လည်မြင့်တက်လာတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။




တရုတ်နိုင်ငံဘက်က ဆန်ဝယ်ယူမှု အများအပြားရှိခဲ့တဲ့ ယခုနှစ်အစ ဇန်နဝါရီလအတွင်းမှာ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ၂၆၈၈၃၅ မက်ထရစ်တန်အထိ ရောက်သွားခဲ့ရာကနေ တဖြည်းဖြည်း ပြန်လည်ကျဆင်းသွားတာဟာ ဧပြီလအတွင်းမှာတော့ စုစုပေါင်း တန်ချိန် ၈၇၆၄၈ မက်ထရစ်တန်သာ တင်ပို့ရတော့တဲ့အထိ ကျဆင်းသွားတာဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရမှု သိသိသာသာ လျော့ကျသွားခဲ့ပြီး နောက်ဆုံး ဧပြီ၊ မေလတွေမှာဆိုရင် ဆန်တင်ပို့မှုထိပ်ဆုံး ၅ နိုင်ငံစာရင်းတွေထဲမှာတောင် ပါဝင်လာတော့ခြင်း မရှိတော့ပါဘူး။

မေလအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှု စုစုပေါင်းအနေနဲ့ ၁၁၀၇၀၆ မက်ထရစ်တန်ရှိခဲ့ပြီး ဝင်ငွေအနေနဲ့တော့ အမေရိကန်ဒေါ်လာ ၄၈ သန်းရရှိခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။




ဆန်အများဆုံး တင်ပို့ခဲ့ရတဲ့နိုင်ငံက တူရကီနိုင်ငံသို့ဖြစ်ပြီး ၁၁၃၇၆ မက်ထရစ်တန် တင်ပို့ခဲ့ရတာ ဖြစ်ပါတယ်။ ဆန်ကွဲအများဆုံး တင်ပို့ခဲ့ရတာကတော့ ဘယ်လ်ဂျီယံနိုင်ငံဖြစ်ပြီး စုစုပေါင်း ၂၅၉၂၅ မက်ထရစ်တန် တင်ပို့ ခဲ့ရတာဖြစ်ပါတယ်။

ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုအနေနဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ဧပြီမှ ၂၀၂၂ မတ်လထိ)မှာ တန်ချိန် ၂၁၆၈၆၈၁ တန် (ပို့ကုန်ဝင်ငွေ – အမေရိကန်ဒေါ်လာ ၈၀၉.၁၃၅ သန်း) ရှိခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၂ ဧပြီမှ ၂၀၂၃ မတ်လထိ) မှာတော့ တန်ချိန် ၂၂၆၁၂၀၃ တန် (ပို့ကုန်ဝင်ငွေ – အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်း) ရှိခဲ့တယ်လို့ သိရပါတယ်။

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွက်တော့ ဆန်တန်ချိန် (၂.၅) သန်း၊ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း(၁၀၀၀) ရရှိရန် ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဆိုပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဘက်က ထုတ်ပြန်ထား ပါတယ်။ ပြီးခဲ့တဲ့ နှစ်လအတွင်း ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှုကတော့ ၁၉၈၃၅၄ မက်ထရစ်တန်သာရှိခဲ့ပြီး ပို့ကုန်ဝင်ငွေအနေနဲ့လည်း အမေရိကန်ဒေါ်လာ ၈၄ သန်းပဲ ရှိထားသေးတာဖြစ်ပါတယ်။

**Photo Crd_MRF**

**Source:** https://greenwaymyanmar.com/posts/Rice_and_Broken_Rice_Export_May_2023

## ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှုကျဆင်း

ဟောင်ကောင်ဒေသမှ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း စုစုပေါင်း ပို့ကုန်တင်ပို့မှုသည် ပြီးခဲ့သည့်လနှင့်နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၃၃၈.၃ ဘီလီယံအထိ ကျဆင်းခဲ့ကြောင်း မေလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ကြောင်း ဖော်ပြထားကြောင်း hong kong business သတင်းဌာနမှ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် “Exports value down to $338.3 in April” ဖြင့် ဖော်ပြထားပါသည်။

ကုန်စည်တင်ပို့မှုတန်ဖိုး ၁၁.၉ ရာခိုင်နှုန်း တန်ဖိုးဒေါ်လာ ၃၇၄.၉ ဘီလီယံအထိ ကျဆင်းခဲ့ပြီး ကုန်သွယ်မှုလိုငွေ ၃၆.၆ ဘီလီယံရှိကြောင်း ဧပြီလစာရင်းများတွင် ဖော်ပြထားကြောင်း၊ ဇန်နဝါရီလမှ မတ်လအထိ သုံးလတာကာလ၏ ကုန်သွယ်မှု စာရင်းဇယားနှင့် နှိုင်းယှဉ်ကြည့်ပါက ဖေဖော်ဝါရီလမှ ဧပြီလအထိ သုံးလအတွင်း ပို့ကုန် ၁၅.၄ ရာခိုင်နှုန်းနှင့် သွင်းကုန် ၁၀.၇ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ကုန်စည်တင်ပို့ရောင်းချမှုသည် ၂၀၂၂ ခုနှစ် ဧပြီလရောင်းချမှုတန်ဖိုးထက် ကျဆင်းခဲ့ကြောင်း ဟောင်ကောင်ဒေသအစိုးရ စာရင်းဇယားများတွင် ဖော်ပြထားပါသည်။ တရုတ်ပြည်မ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သို့ ပို့ကုန်တင်ပို့မှု ကျဆင်းသကဲ့သို့ အခြားအာရှဈေးကွက်များသို့ တင်ပို့မှုမှာလည်း ဈေးကွက်အလိုက် ကျဆင်းမှုရှိခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

တိုးတက်သည့်နိုင်ငံများသို့ ပို့ကုန်တင်ပို့မှု ဆက်လက်ကျဆင်းနေပါက ဟောင်ကောင်ဒေသ ပို့ကုန်တင်ပို့နိုင်မှုအပေါ် သက်ရောက်မှုရှိမည်ဖြစ်သော်လည်း တရုတ်ပြည်မ၏ စီးပွားရေးပြန်လည်ထူထောင်မှု လျင်မြန်ခြင်းမှာ ဟောင်ကောင်ဒေသ အတွက် အခြေအနေကောင်းတစ်ခုဖြစ်ကြောင်း အစိုးရထုတ်ပြန်ခြင်း ဖော်ပြထားကြောင်း စသည်ဖြင့်ရေးသား ဖော်ပြထား ပါသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်**

https://myantrade.gov.mm/article/Naypyitawstp_050620230430

## ၂၀၂၃ ခုနှစ်၊ မေလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ပြန်လည်အားကောင်းလာ

၂၀၂၃ ခုနှစ်၊ မေလ (၁) ရက်မှ (၃၁) ရက်နေ့အတွင်း ကိုရီးယားသမ္မတနိုင်ငံသည် ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂.၂၄၁ ဘီလီယံရရှိခဲ့ပြီး သွင်းကုန်တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၅၄.၃၄၃ ဘီလီယံ ကုန်ကျခဲ့သည့်အတွက် စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၆.၅၈၄ ဘီလီယံဖြစ်ပါသည်။ အဆိုပါပမာဏသည် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် ၁၅.၂ ရာခိုင်နှုန်း လျော့ကျ၍ သွင်းကုန်တွင် ၁၄ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း တောင်ကိုရီးယား နိုင်ငံ၏ အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဌာန (Korea Customs Service) မှ စာရင်းထုတ်ပြန်ခဲ့ပါသည်။ သို့သော် ၂၀၂၃ ခုနှစ်၊ မေလအတွင်းတင်ပို့မှုမှ ရရှိသည့်ဝင်ငွေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလတင်ပို့မှုမှ ရရှိသည့်ဝင်ငွေဖြစ်သည့် အမေရိကန်ဒေါ်လာ ၄၉.၆ ဘီလီယံထက် ပိုမိုလာခဲ့သည် ဟု Korea Customs Service မှ စာရင်းထုတ်ပြန်ထားပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (semiconductors) ကို တရုတ်နိုင်ငံက ဝယ်လိုအား မြင့်မား လာသည့်အပြင် အခြားသော ပြည်ပနိုင်ငံများကလည်း တောင်ကိုရီးယားနိုင်ငံမှ ကားများနှင့် အားပြန်သွင်း၍ရသော ဘက်ထရီများ ဝယ်လိုအားမြင့်မားလာသည့်အတွက် ပို့ကုန်ဝင်ငွေတိုးမြင့်လာခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေး ဝန်ကြီး Mr. Choo Kyung- ho က စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးများနှင့်တွေ့ဆုံသော အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

ပို့ကုန်တင်ပို့မှု မြှင့်တင်နိုင်ရေးအတွက် အာရပ်စော်ဘွားများပြည်ထောင်စုအပါအဝင် အင်ဒို-ပစိဖိတ်ဒေသ သာယာဝပြောရေးအတွက် စီးပွားရေးဆိုင်ရာမူဘောင်တွင် အတူတကွပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်သွားမည်ဖြစ်ပါကြောင်း၊ မေလအတွင်းက အာရပ်စော်ဘွားများပြည်ထောင်စုမှ နိုင်ငံပိုင်ကုမ္ပဏီ (၄) ခုက တောင်ကိုရီးယားနိုင်ငံ၏ စွမ်းအင်နှင့် ဇီဝနည်းပညာကဏ္ဍအပါအဝင် ကဏ္ဍအတော်များများ၏ စီးပွားရေးအခွင့်အလမ်းများကို လာရောက်လေ့လာသွားပြီဖြစ်ပါကြောင်း ဘဏ္ဍာရေးဝန်ကြီး Mr. Choo Kyung-ho က ပြောကြားပါသည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့အဓိကကျသောနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုကို လျှော့ချရန် ငွေကြေးမူဝါဒများကို တင်းတင်းကျပ်ကျပ် ချမှတ်ပြဋ္ဌာန်းနေကြသည့်အတွက် ကမ္ဘာ့စီးပွားရေးကျဆင်းအောင် တွန်းပို့နေသကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပြည်တွင်းရောပြည်ပတွင်ပါ မသေချာမရေရာမှုများကို ရင်ဆိုင်နေရပါသည်။ တောင်ကိုရီးယား ဗဟိုဘဏ်ကလည်း ပြည်တွင်းငွေကြေးဖောင်းပွနှုန်းကို ထိန်းချုပ်ရန် အတိုးနှုန်းကို ၃.၅ ရာခိုင်နှုန်းတွင် ဆက်လက်ထိန်းသိမ်းထားသဖြင့် ပြည်တွင်းပုဂ္ဂလိကသုံးစွဲနှုန်းအပေါ် ဖိအားဖြစ်စေပါသည်။

၂၀၂၂ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၂.၆ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်တင်ပို့မှု ဆက်လက်အားနည်းနိုင်သည့်အတွက် တောင်ကိုရီးယားနိုင်ငံ ဗဟိုဘဏ်က နိုင်ငံ၏စီးပွားရေးတိုးတက်နှုန်းကို ယခင်က ၁.၆ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားရာမှ ၁.၄ ရာခိုင်နှုန်းသာရှိနိုင်မည်ဟု လျှော့ချခန့်မှန်းထားပါသည်။

**Source: The Korea Times**

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_050620230221

## မန်ကျည်းသီးဈေးနှုန်းများ ကျဆင်း




ပြည်တွင်းဈေးကွက်တွင် မန်ကျည်းသီးမှည့် ဝင်ရောက်မှုများလာသဖြင့် မန်ကျည်းသီးဈေးနှုန်းကျလာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ဘုရင့်နောင်ဈေးကွက်တွင် မန်ကျည်းသီး (ပွင့်ကပ်) အစေ့ပါ တစ်ပိဿာကို ၁၄၀၀ ကျပ်မှ ၁၅၀၀ ကျပ်သာရှိပြီး အစေ့ထုတ်ပြီး မန်ကျည်းသီးအသားသည် တစ်ပိဿာကို ၂၂၀၀ မှ ၂၅၀၀ ကျပ်သာရှိကြောင်း သိရသည်။ "မန်ကျည်းသီး စပေါ်ခါစတုန်းကတော့ ဈေးတန်းအမြင့်နဲ့ဝယ်ရတာရှိခဲ့တယ်။ အဲ့တုန်းက မန်ကျည်းသီးက လိုင်လိုင်မပေါ်သေးဘူးလေ၊ ဒါပေမယ့်အခုကတော့ အစေ့နဲ့ဟာမှ ၁၀၀၀ ကျော်ပဲရှိတယ်၊ အစေ့မပါတာက ၂၂၀၀ ကနေ ၂၅၀၀ လောက်ပဲရှိတယ်" ဟု ဘုရင်နောင်ကုန်စည်ဒိုင်၏ တာဝန်ရှိသူတစ်ဦးပြောသည်။

ယခုနှစ် မန်ကျည်းသီး မှည့်အသစ်များ စတင်ပေါ်သည့်အချိန်တွင် မန်ကျည်းသီး အစေ့မပါသည့် အသားချည်း တစ်ပိဿာကို အမြင့်ဆုံး ၄၀၀၀ ကျပ်ဝန်းကျင်အထိပင် ဖြစ်ခဲ့ကြောင်းသိရသည်။

မန်ကျည်းသီး အစေ့ပါအတောင့်ကို ပြည်ပနိုင်ငံများသို့ အဓိကတင်ပို့ပြီး အစေ့မပါသည့် မန်ကျည်းသီးအသားကိုမူ ပြည်တွင်း၌သာ အဓိကစားသုံးမှုရှိကြောင်းသိရသည်။

မြန်မာ့မန်ကျည်းသီးကို ထိုင်းနိုင်ငံ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံစသည့် ပြည်ပနိုင်ငံအချို့ကို တင်ပို့မှုရှိကြောင်း၊ ပြည်ပနိုင်ငံအများစုက လုပ်ငန်းသုံးအဖြစ် အသုံးပြုကြသလို၊ တိရိစ္ဆာန်အစာအဖြစ်လည်း သုံးစွဲကြကြောင်း သိရသည်။ "မနှစ်ကဆိုရင် မန်ကျည်းသီး တစ်ပိဿာကို ဈေးတော်တော်ရတယ်။ ဒီနှစ်ကတော့ ဈေးသိပ်မရဘူး။ အသစ်တွေထပ် အဟောင်းတွေကတော့ ဈေးပိုရတယ်။ တစ်ချို့တွေကလည်း ဒီအချိန်ဝယ်ပြီး လှောင်ထားကြတယ်"ဟု မန်ကျည်းသီး ရောင်းဝယ်သည့် ကုန်ခြောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ ပြီးခဲ့သည့်နှစ်က မန်ကျည်းသီး အသား တစ်ပိဿာ လက်လီဝယ်ရင်းဈေး ငွေကျပ် ၅၀၀၀ ကျော်ထိ ပေါက်ဈေးရှိခဲ့သည်ဟု ၎င်းကထပ်မံပြောသည်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပြီးခဲ့သည့်နှစ်က မန်ကျည်းသီး (ကျောက်ပန်းတောင်းအသား) တစ်ပိဿာလျှင် ၂၅၀၀ မှ ၃၅၀၀ ပေါက်ဈေးရှိပြီး ပွင့်ကပ်တစ်ပိဿာလျှင် ၂၂၀၀ မှ ၂၃၀၀ထိ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင်လည်း မြန်မာနိုင်ငံက မန်ကျည်းသီးကို လစဉ် တန်ချိန် ၅၀၀ တင်သွင်းလိုကြောင်း UAE နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုကနေ ကမ်းလှမ်းထားကြောင်းလည်းသိရသည်။

မြန်မာ မန်ကျည်းသီးသည် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းမှ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ရမည်းသင်း၊ မိတ္ထီလာ အပါအဝင် ပြည်၊ သဲကုန်း၊ ပုတီးကုန်း၊ ပန်းတောင်း၊ ရွှေတောင်၊ အင်းမ၊ ပေါင်းတည် စသည့် ဒေသများနှင့် ရှမ်းပြည်နယ်ရှိ ဒေသများမှလည်း မန်ကျည်းသီးများ ထွက်ရှိကြောင်းသိရသည်။

**(AMIA)**

**Source: Myanma Awba**

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၁.၂၂၈ သန်းရရှိထား

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကဏ္ဍမှ ကုန်သွယ်မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၁.၂၂၈ သန်း ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့် စာရင်းအချက်အလက်များအရ သိရသည်။

အဆိုပါ ကုန်သွယ်မှုဝင်ငွေသည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ (၁)ရက်မှ မေလ (၂၆) ရက်အထိ ရရှိထားသည့် ဝင်ငွေပမာဏဖြစ်ပြီး တရုတ်နှင့် (၉၀) ရာခိုင်နှုန်းနီးပါး ကုန်သွယ်မှုပြုလုပ်နေသည့် မူဆယ်နယ်စပ်ဂိတ်မှ အများဆုံး ဝင်ငွေရရှိထားခြင်း ဖြစ်သည်။

အဆိုပါ ကာလအတွင်း တရုတ် - မြန်မာနယ်စပ်ကုန်သွယ်ရေးကဏ္ဍမှ ဆောင်ရွက်ထားသည့် ပို့ကုန်/ သွင်းကုန် ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇၈.၂၅၄ သန်းရရှိထားခြင်းဖြစ်ပြီး သွင်းကုန် ကုန်ကျငွေမှာ ၂၅၇.၀၂၆ သန်း ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဂိတ်များဖြစ်သည့် မူဆယ်နယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၃၉၀.၉၂၈ သန်း၊ လွယ်ဂျယ် နယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၁၅.၈၄၅ သန်း၊ ချင်းရွှေဟော်ဂိတ်မှ အမေရိကန်ဒေါ်လာ ၁၂၉.၁၅၃ သန်း၊ ကံပိုင်တည် နယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၄၁.၀၁၈ သန်းနှင့် ကျိုင်းတုံနယ်စပ်ဂိတ်မှ အမေရိကန်ဒေါ်လာ ၁.၃၁၀ သန်း ကုန်သွယ်မှု ဝင်ငွေများ ရရှိထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့မှုတွင် စက်မှုကုန်ချောတင်ပို့မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အများဆုံးဝင်ငွေရရှိ ထားပြီး၊ သွင်းကုန်ကဏ္ဍတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများကို အများဆုံး တင်သွင်း ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ၊ သခွား စသည့် လယ်ယာထွက်ကုန်ပစ္စည်းအပါအဝင် ရော်ဘာ၊ ကြက်သွန်၊ ရေထွက်ပစ္စည်း၊ ငရုတ်သီးအစရှိသည့် ကုန်ပစ္စည်းတွေကို တရုတ်ပြည်သို့ တင်ပို့နေပြီး တရုတ်နိုင်ငံဘက်မှ ဆောက်လုပ်ရေး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ စားကုန်သောက်ကုန်နှင့်ဆေးဝါးများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

# STOCK EXCHANGE (6.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Jun. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,097 (Shares) | 6,472,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,000 | 8,100 | 8,000 | 55 | 440,500 | 33,109,694 | 268,189 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 982 | 2,837,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,500 | 1,500 | 1,450 | 362 | 531,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 89 | 218,050 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +50 | +2.04% | 2,450 | 2,500 | 2,450 | 204 | 500,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 405 | 1,944,500 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.98 | +1.05 | +0.29% | 359.18 | 360.34 | 355.35 | 2,097 | 6,472,350 | 7 | 634,306 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 2,097 (Shares) | 6,472,350 (MMK) |

## Main Board

As of 1:00 pm. 6th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,097 (Shares) | 6,472,350 (MMK) |

| MYANPIX | 359.98 ▲ 1.05 |
|---|---|
| Total Volume (shares) | 2,097 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 634,306 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,500 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |